NAMATI
INNOVATIONS IN LEGAL EMPOWERMENT




# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း


www.namati.org

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

အခြေခံလူတန်းစားများအတွက် "ဥပဒေရေးရာ ထောက်ခံပြောဆိုပေးသူများ" သို့မဟုတ် "ဖိနပ်မဲ့ရှေ့နေများ" ဟုလည်း သိကြသည့် " လူထု အခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများ " သည် ဥပဒေပညာတတ်ကျွမ်းမှုနှင့် ကြားဝင်ဖြန်ဖြေပေးမှု၊ စီစဥ်ဆောင်ရွက်မှု၊ ပညာပေးမှုနှင့် လိုအပ်ချက်ရရှိအောင် ထောက်ခံလုပ်ဆောင်မှု စသည့် ကျွမ်းကျင်မှုများကို အသုံးပြု၍ မတရားမှုများအတွက် လက်ဆုပ်လက်ကိုင်အဖြေများ ရှာဖွေပေးပါသည်။







"အခြေခံလူတန်းစားများအတွက် ဥပဒေရေးရာ ထောက်ခံပြောဆိုပေးသူများ" ဟုလည်းသိကြသည့် "လူထုအခြေပြု ဥပဒေ ရေးရာအထောက် အကူပြုသူများ" သည် ဥပဒေနှင့် တကယ့်လက်တွေ့ ဘဝအကြား ပေါင်းကူးတံတားခင်းပေးပါသည်။ ဤဥပဒေ ရေးရာအထောက်အကူပြုသူများသည် အခြေခံဥပဒေပညာနှင့် ကြားဝင်ဖြန်ဖြေစေ့စပ်ပေးမှု၊ စီစဉ်ဆောင်ရွက်မှု၊ ပညာပေးမှု နှင့် လိုအပ်ချက်များ ရရှိအောင် ထောက်ခံလုပ်ဆောင်မှု စသည့်ကျွမ်းကျင်မှုများအတွက် သင်တန်းတက်ရောက်ပြီးသူများ ဖြစ်ကြပါသည်။ ၎င်းတို့သည် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများအပြင် ရှေးရိုးအစဉ်အလာအရတည်ရှိနေသည့် အစုအဖွဲ့များနှင့်ပါ ထိတွေ့ ဆက်ဆံနိုင်သော တက်ကြွပြီး ထိုးထွင်းတီထွင်ဉာဏ်ရှိသည့် ရှေ့တန်းတစ်ရပ်အသွင်ရှိပါသည်။

လူထုအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများသည် ၎င်းတို့၏ဝန်ဆောင်မှု လိုအပ်နေသူများအား ဒုက္ခခံစားနေရသူများအဖြစ် - " ဒီပြဿနာ ကို ကျွန်တော်ဖြေရှင်းပေးမယ် " - ဟု ပြောဆိုဆက်ဆံ လုပ်ဆောင်မည့်အစား " ဒီပြဿနာကို ကျွန်တော်တို့ အတူတကွ ဖြေရှင်းကြမယ်။ ဒါမှ နောင်ဒီလို ပြဿနာ ကြုံလာရင် ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းနိုင်တဲ့ အစွမ်းရှိလာမယ် " စသည်ဖြင့် အမှုသည်တို့၏ ဥပဒေရေးရာ အသိနှင့်စွမ်းရည် မြင့်မားလာရေးကို ဦးစားပေး လုပ်ဆောင်ပေးနိုင်ပါသည်။

လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူများသည် သမားရိုးကျဥပဒေအထောက်အကူပြုများနှင့် မတူပါ။ ၎င်းတို့၏အဓိက အခန်းကဏ္ဍမှာ ရှေ့နေများအား ပံ့ပိုးရန်မဟုတ်ဘဲ ၎င်းတို့ဝန်ဆောင်မှုပေးသည့် လူမှုအသိုင်း အဝိုင်းများနှင့် တိုက်ရိုက်လုပ်ကိုင်ရန် ဖြစ်ပါသည်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

သို့ရာတွင် ရှေးဦးကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးသူများသည် ဆရာဝန်များ၊ ဆေးရုံများနှင့် ချိတ်ဆက်ထားသကဲ့သို့ လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူများသည်လည်း ရှေ့နေ ရှေ့ရပ်များနှင့် ချိတ်ဆက်ထားခြင်းဖြင့်၊ ၎င်းတို့၏ ရှေ့ပြေးဆောင်ရွက်မှု နည်းလမ်းများဖြင့် မအောင်မြင်သည့်အခါ တရားစွဲဆိုရန် အလားအလာများ သို့မဟုတ် ပိုမိုမြင့်မားသည့်အဆင့်မှ လိုအပ်ချက်များအား ပံ့ပိုးမှုရအောင် ထောက်ခံ လုပ်ဆောင်နိုင်ပါသည်။

လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူ အစီအစဉ် အမျိုးမျိုးရှိပါသည်။ အချို့မှာ အမျိုးမျိုးသော တရားမျှတမှု လိုအပ်ချက်များကို ခြုံငုံကိုင်တွယ်ပြီး၊ ကျန်အချို့မှာ- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (သို့မဟုတ်) ထုံးတမ်းစဉ်လာမြေပိုင်ဆိုင်ခွင့်အား အကာအကွယ်ပေးမှု အစရှိသော တိကျသည့် ပြဿနာ တစ်ရပ်ရပ်ကိုသာ အဓိကထား ကိုင်တွယ် ဆောင်ရွက်သည်။ အချို့သော ဥပဒေရေးရာ အထောက်အကူပြု သူများမှာ - ရွာတစ်ရွာ၊ ရပ်ကွက်တစ်ခုကဲ့သို့သော တရားစီရင်ရေး နယ်မြေဒေသတစ်ခုတွင်သာ စေတနာ့ ဝန်ထမ်းများအဖြစ် ဆောင်ရွက်ကာ၊ အချို့မှာ ပိုမိုကျယ်ပြန့်သည့် နယ်မြေဒေသ (သို့မဟုတ်) ခရိုင်တစ်ခုအတွင်း ဂန်ဆောင်မှုပေးနိုင်ရန် လုပ်အားခ ရရှိသူများ ဖြစ်ကြပါသည်။



NAMATI
INNOVATIONS IN LEGAL EMPOWERMENT

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူများ လုပ်ကိုင်ဆောင်ရွက်ပုံ

လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူများသည် တရားမျှတမှုပိုမိုရရှိစေရန် နည်းဗျူဟာအမျိုးမျိုး အသုံးပြုပါသည်။

- ဥပဒေ အသိပညာ တိုးပွားရေးအတွက် ရပ်ရွာလူထုအား ပညာပေးခြင်း
- အမှုသည်များအား ဥပဒေရေးရာလုပ်ငန်းစဉ်များနှင့် တရားမျှတမှုရရှိရန် ဆောင်ရွက်နိုင်သည့် နည်းများ အကြံပြုခြင်း
- အာဏာပိုင်များ၊ အဖွဲ့အစည်းများသို့ အမှုသည်များ ဆက်သွယ်ဆောင်ရွက်ရာတွင် လမ်းညွှန်ပေးခြင်း
- အငြင်းပွားမှုများတွင် ကြားဝင်ဖျန်ဖြေပေးခြင်း
- စုပေါင်းဆောင်ရွက်မှု ပျိုးထောင် စီစဉ်ပေးခြင်း
- လိုအပ်ချက်များ ရရှိအောင် ထောက်ခံ လုပ်ဆောင်ခြင်း
- အချက်အလက်ရှာဖွေခြင်းနှင့် စူးစမ်းလေ့လာ စောင့်ကြည့်ခြင်း

ခက်ခဲသည့် သို့မဟုတ် ကြီးလေးသည့် အမှုများတွင် ဥပဒေရေးရာအထောက်အကူပြုသူတစ်ဦးသည် ရှေ့နေတစ်ဦးဦးထံမှ ပံ့ပိုးမှုရယူပြီး လိုအပ်သည့် တရားစွဲဆိုမှု သို့မဟုတ် ပိုမိုမြင့်မားသည့်အဆင့်မှ အထောက်အပံ့ အကူအညီ ရရှိရေးတို့အတွက် လုပ်ဆောင်နိုင်ပါသည်။ အခြားတဖက်တွင် ဩဇာအာဏာကြီးမားသူများ ပါဝင်ပတ်သက်နေသည့် မတရားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် နစ်နာသူမှ တရားစွဲဆိုနိုင်ကြောင်း ပြောဆိုမှု ဖိအားပေးမှုနည်းလမ်း အသုံးပြုပြီးလည်း ညှိနှိုင်းဆောင်ရွက်မှု နှင့် ကြားမှဖျန်ဖြေပေးမှုတို့တွင် ပူးပေါင်းပါဝင်မှု ပိုမိုရရှိနိုင်ပါသည်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

## ဤချဉ်းကပ်နည်း၏ အကျိုးကျေးဇူးများ

အကောင်းဆုံးအနေအထားတစ်ရပ်တွင် လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူများမှ အောက်ပါတို့ကို ပြုလုပ်နိုင်ပါသည်။

- ဥပဒေရေးရာအသိနှင့် အမှုသည်များ၏ဆောင်ရွက်နိုင်မှုစွမ်းအားကို ပြုစုပျိုးထောင် မြှင့်တင်ပေးခြင်း။
- ၎င်းတို့၏ တီထွင်ဖန်တီးမှုရှိသည့် နည်းဗျူဟာများ၊ စွမ်းရည်နှင့် ကျွမ်းကျင်မှု၊ ဒေသတွင်းရှိ အခြေအနေအား လေးလေးနက်နက် သိရှိမှုတို့ကြောင့် ဥပဒေရေးရာ ပြဿနာများနှင့် ကိုက်ညီသည့် အဖြေရှာပေးနိုင်ခြင်း။
- ရှေ့နေ တိုက်ရိုက်ငှားရမ်း လုပ်ဆောင်ခြင်းထက် စရိတ်ပိုမိုသက်သာ ထိရောက်ပြီး၊ အကူအညီ လွယ်ကူစွာ ရယူနိုင်ခြင်း။
- လူပုဂ္ဂိုလ် တစ်ဦးချင်းစီအတွက်သာမက လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံးအတွက် အဖြေရှာနိုင်ခြင်း။
- အုပ်ချုပ်ရေး အာဏာပိုင်များအဖွဲ့အစည်းများနှင့် ရှေးရိုးအစဉ်အလာအရ တည်ရှိနေသည့် အစုအဖွဲ့ များ အပါအဝင် ကျယ်ပြန့်သည့် အဖွဲ့အစည်း အမျိုးမျိုးနှင့် ထိတွေ့ဆက်ဆံနိုင်ခြင်း။
- အငြင်းပွားမှုများတွင် တစ်ဘက်သတ် ရပ်တည်ဆောင်ရွက်မှုထက် မျှတသည့်ဖြေရှင်းမှုရလဒ် ဖြစ်စေရန် ဦးစားပေး လုပ်ဆောင်နိုင်ခြင်း။

NAMATI
INNOVATIONS IN LEGAL EMPOWERMENT

# ဥပဒေရေးရာအထောက်အကူပြုသူများ ကိုင်တွယ်ဆောင်ရွက်သည့် အမှု (၃) ခုအား လေ့လာခြင်း

## များယွင်းစွာ ထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်ရန် ညှိနှိုင်းခြင်း[1]

ရဲစခန်းတွင် တိုင်ချက်တစ်ရပ်ရရှိပြီးနောက် ဆီရာလီယွန်နိုင်ငံ၊ တွန်ကိုလီလီခရိုင်ရှိ ရဲအရာရှိများသည် ယင်းအမှုတွင် ပါဝင်ပတ်သက်နေသည့် အမျိုးသား(၃)ဦးအား ဖမ်းဆီးရန်သွားရောက်ခဲ့ပါသည်။ ထိုအမျိုးသား (၃)ဦးမှာ အိမ်တွင်မရှိဘဲ၊ ယင်းတို့၏ မိခင်များအား ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။

ယင်းအဖြစ်အပျက်အား၊ ထိုအရပ်တွင် လုပ်ကိုင်နေသည့် ဥပဒေရေးရာ အထောက်အကူပြုသူတစ်ဦးမှ ကြားသိခဲ့ပြီး၊ ဒေသခံ ရဲခစန်းမှူးအား ချဉ်းကပ်ခဲ့ပါသည်။ သားဖြစ်သူတို့ ရဲစခန်းသို့ မလာမချင်း မိခင်များအား လွှတ်ပေးမည် မဟုတ်ကြောင်း ထိုအရာရှိမှ ဥပဒေရေးရာ အထောက်အကူပြုသူအား အစပထမတွင် ဖြေကြားခဲ့ပါသည်။ ဥပဒေရေးရာအထောက်အကူပြုသူမှ ယင်း၏ ဥပဒေ အသိပညာကို အသုံးပြုပြီး၊ ရဲအရာရှိထံမှ ခြားနားသည့် အဖြေရရှိစေရန် ကြိုးစားညှိနှိုင်းခဲ့ပါသည်။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံထားရသူ တစ်ဦးအစား ရဲအရာရှိမှ အခြားသူတစ်ဦးကို ဖမ်းဆီးပိုင်ခွင့်မရှိကြောင်း၊ ရဲအရာရှိ အနေဖြင့် တရားစွဲဆိုရန် စီစဉ်ထားလျှင်ပင် ဥပဒေအရ ၇၂ နာရီသာ ထိန်းသိမ်းခွင့် ပြုထားကြောင်း၊ ထိုအမျိုးသမီးများမှာ (၄) ညတိုင်တိုင် ထိန်းသိမ်းခံထားရပြီး ဖြစ်ကြောင်း၊ ဥပဒေရေးရာအထောက်အကူပြုသူမှ ဆက်လက်ပြော ကြားခဲ့ပါသည်။ ဥပဒေရေးရာ အထောက်အကူပြုသူ၏ ပြောကြားချက်များ မှန်ကန်ကြောင်း ထိုရဲအရာရှိ သတိပြုမိပြီးနောက်၊ ထိန်းသိမ်းခံ အမျိုးသမီး (၃)ဦးအား လွှတ်ပေးခဲ့ပါသည်။ မူရင်းတိုင်ကြားချက်နှင့် သက်ဆိုင်သည့်

[1] Daniel Sesay ၏ မကြာမီထုတ်ဝေမည့် "Paralegals in Helping Women Access Justice" မှ ဆီလျော်အောင် ဖော်ပြထားပါသည်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

သတင်းအချက်အလက်များ ဆက်လက် ရယူရန်အတွက် ရဲအရာရှိမှ ထိုအမျိုးသမီးများအား (၂)ရက်ကြာလျှင် ရဲစခန်းသို့ ထပ်မံလာရောက် အစီအရင်ခံရန် မှာကြားခဲ့သည်။

နောက်ထပ်နှစ်ရက်ကြာ၍ ထိုအမျိုးသမီး(၃)ဦး ရဲစခန်းသို့ ပြန်လည်သွားရောက်သည့်အခါ လက်ထောက်စခန်းမှူးက ၎င်းတို့အား ချက်ချင်း ထပ်မံဖမ်းဆီးပြန်ပါသည်။ ယင်းသို့ ထပ်မံဖမ်းဆီးခြင်းကိစ္စအတွက် ဖြေရှင်းချက်ရယူရန် ဥပဒေရေးရာ အထောက် အကူပြုသူမှ ခရိုင်ဌာနချုပ်သို့ သွားရောက်နေသည့် စခန်းမှူးအား တယ်လီဖုန်းဆက်ရာ၊ ထို စခန်းမှူး ရဲအရာရှိက ပထမ ဆက်ဆံသည့် အချိန်ကထက် ပိုမိုခုခံပြောဆိုနေပြီး၊ ၎င်းအလုပ်လုပ်ကိုင်ရာတွင် ဥပဒေရေးရာ အထောက်အကူပြုသူမှ ဝင်ရောက်နှောင့်ယှက်နေ၍ စိတ်မကျေမချမ်း ဖြစ်နေခဲ့ပါသည်။ ဥပဒေရေးရာ အထောက်အကူပြုသူမှ ဥပဒေ အကိုးအကားဖြင့် ထိုအမျိုးသမီးများကိုယ်စား တည်ငြိမ်စွာ ပြောဆိုခဲ့ပါသည်။ ယင်းနောက် စခန်းမှူးမှ ထိုအမျိုးသမီးများအား ဤအကြိမ်တွင် ခြွင်းချက်မရှိ လွှတ်ပေးရန် အမိန့်ပေးလိုက်ပါသည်။ ထိုအချိန်မှစ၍ ၎င်းအမျိုးသမီးများ ယင်းကိစ္စနှင့် ပတ်သက်ပြီး ရဲများနှင့် နောက်ထပ် ပြဿနာ မရှိတော့ပါ။ ရဲစခန်းရှိ အခြားအရာရှိ တစ်ဦးမှလည်း ထိုဥပဒေရေးရာ အထောက်အကူပြုသူအား ညှိနှိုင်းဆွေးနွေးမှုဖြင့် သင့်တော်သည့် ရလဒ်  ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ချီးကျူးခဲ့ပါသည်။

## မွေးစာရင်း မှတ်ပုံတင်သွင်းရန်အတွက် အစိုးရဌာနသို့ သွားရောက် ဆောင်ရွက်ရာတွင် လမ်းညွှန်ပေးခြင်း[2]

အာလီမှာ ကင်ညာနိုင်ငံ နိုင်ရိုးဘီးမြို့၊ ကီဘဲရားအရပ်တွင် နေထိုင်သည့် ၃၅ နှစ်အရွယ် နူဘီယန်း လူမျိုး ယာဉ်မောင်း တစ်ဦးဖြစ်သည်။ နူဘီယန်းလူမျိုးများမှာ ကင်ညာနိုင်ငံအစိုးရနှင့် ယင်းနိုင်ငံရှိ လူအများစု၏ ခွဲခြားဆက်ဆံမှုတို့နှင့် မကြာခဏ ရင်ဆိုင်ရလေ့ရှိသည့် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုတစ်စု ဖြစ်သည်။ နောက်ကျပြီး မွေးစာရင်း သွင်းပေးသည့် လုပ်ငန်းစဉ်ဖြင့် ၎င်းအတွက် မွေးစာရင်း ရရှိရန် ကြိုးစားခဲ့သော်လည်း အာလီ မအောင်မြင်ခဲ့ပါ။ ရဲအရာရှိများ၏ ရန်လိုသည့် ဆက်ဆံပုံကို တွေ့ကြုံသိရှိထားပြီး၊ အာဏာပိုင်များအား ကြောက်ရွံ့မှုတို့ကြောင့် နောက်ထပ် လျှောက်လွှာမတင်ရန် အာလီ ဆုံးဖြတ်ခဲ့ပါသည်။

ကီဘဲရားအခြေစိုက် နူဘီယန်းလူမျိုးများ ရပိုင်ခွင့် အစည်းအရုံးမှ လူထုအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများသည် တစ်အိမ်တက် တစ်အိမ်ဆင်း ဥပဒေရေးရာ ဝန်ဆောင်မှုများ ကမ်းလှမ်းရာမှ အာလီထံ သို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့မှ ဥပဒေရေးရာ အထောက်အကူ ပြုသူတစ်ဦး၏ အကူအညီဖြင့်၊ မွေးစာရင်းရယူရေး ယခုအကြိမ် ထပ်မံဆောင်ရွက်ရန် အာလီအား တိုက်တွန်းခဲ့ပါသည်။ ဥပဒေရေးရာ အထောက်အပြုသူမှ လုပ်ငန်းစဉ်အတွက် ဥပဒေအရ သတ်မှတ် သည့် လိုအပ်ချက် အသေးစိတ်တို့ကို ရှင်းပြခဲ့ပြီး၊ အခြား နူဘီယန်းများ၏ အတွေ့အကြုံများနှင့် အောင်မြင်မှုရယူခဲ့ပုံ အချက်အလက် တို့ကိုလည်း ထည့်သွင်းပြောပြခဲ့ပါသည်။

[2] ကင်ညာနိုင်ငံ နိုင်ရိုးဘီးမြို့ရှိ Namati နှင့် ပူးပေါင်းဆောင်ရွက်သည့် - နူဘီယန်းလူမျိုးများ ရပိုင်ခွင့် ဖိုရမ် ၏ အတွေ့အကြုံမှ ရယူထားသည့် လေ့လာချက်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

အာလီမှာ အလယ်တန်းကျောင်းအောင်လက်မှတ် ပျောက်ဆုံးသွားသည့်အတွက်၊ နောက်ကျပြီး မွေးစာရင်း လျှောက်ရာတွင် ပိုမို ထိရောက်အားကောင်းသည့် ၎င်း၏ ယခင်က ဘာသာရေးဆိုင်ရာ ပညာရေးအဖွဲ့အစည်းမှ သင်တန်းဆင်းလက်မှတ် ရယူရန် ဥပဒေရေးရာအထောက်အကူပြုသူမှ အကြံပြုခဲ့ပါသည်။ နောက်ကျပြီး မွေးစာရင်းပေးသည့် လုပ်ငန်းစဉ်အတွက် လိုအပ်သည့် အာလီ၏ မိသားစုဝင်များ၏ အမျိုးသားမှတ်ပုံတင် ကတ်ပြားများအား မိတ္တူကူးထားရန်လည်း ဥပဒေရေးရာ အထောက်အကူပြုသူမှ အကြံပြုပါသည်။



NAMATI
INNOVATIONS IN LEGAL EMPOWERMENT

လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီးနားလည်ထားသည့် အသိပညာ၊ အထောက်အထား စာရွက်စာတမ်းတို့ကို အားပြုပြီး၊ အာလီ လျှောက်လွှာပုံစံ ဖြည့်ခဲ့ပါသည်။ ခရိုင်ကော်မရှင်နာရုံးသို့ အာလီသွားရာတွင် ဥပဒေရေးရာအထောက်အကူပြုသူမှ လိုက်ပါပေးခဲ့ပါသည်။ ပထမအကြိမ်သွားရောက် တွေ့ဆုံရာတွင် အဖြေမရခဲ့သော်လည်း၊ အာလီနှင့် ဥပဒေရေးရာအထောက်အကူပြုသူတို့မှ နောက်ဆက်တွဲ (၄)ကြိမ် သွားခဲ့ပြီးသောအခါ အာလီ၏မွေးစာရင်း လျှောက်လွှာတင်ရာတွင် လိုအပ်သည့် ထိုးမြဲလက်မှတ် ရရှိခဲ့ပါသည်။ အာလီသည် အခြားအထောက်အထားများ စစ်ဆေးမှု နောက်ထပ် (၂) ဆင့် ဖြတ်ကျော်ခဲ့ရသည်။ အဆင့်တိုင်းတွင် ဥပဒေရေးရာ အထောက်အကူပြုသူမှ အကြံပေးခဲ့ပြီး၊ ၎င်းနှင့်အတူ လိုက်ပါပေးခဲ့ပါသည်။ ၎င်းအချိန်တွင် အာလီမှာ တရားဝင် လျှောက်လွှာကြေး ကင်ညာရှီလင် (၁၅၀) ပေးရန် သတ္တိရှိလာခဲ့ပြီဖြစ်သည်။ နှစ်ပတ်ကြာသော် အာလီအား မှတ်ပုံတင်ရုံးမှ မွေးစာရင်းလာယူရန် အကြောင်းကြားခဲ့ပါသည်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း

## ရပ်ရွာ လူထုအဆင့် အမှုတစ်ခုတွင် ထောက်ခံပြောဆိုမှုနှင့် ခုံသမာဓိနှင့်စီရင်ဆုံးဖြတ်ခြင်း။ ။ တရားမျှတမှု စုပေါင်းရယူခြင်း[3]

အင်ဒိုနီးရှားနိုင်ငံ၊ ဘိုဂေါမြို့၊ ဝင်ငွေနည်းအိမ်ယာတွင် နေထိုင်သည့် မိသားစု (၄၈) စုမှာ လျှပ်စစ်မီး လပေါင်းများစွာ မရရှိဘဲ ဖြစ်ခဲ့ပါသည်။ ဝါယာကြိုးများ တရားမဝင် ချိတ်ဆက်ထားသည်ကို တွေ့ရှိသွားပြီးနောက်၊ နိုင်ငံတော်လျှပ်စစ်ဓါတ်အား ကုမ္ပဏီ PLN မှ လျှပ်စစ်ဓါတ်အား ဖြတ်တောက် ထားခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓါတ်အားလိုင်းများ ပြန်လည်ချိတ်ဆက်ရန်အတွက် ထိုအိမ်ယာတွင် နေထိုင်သူများအား ဒဏ်ငွေအဖြစ် ဒေါ်လာ ထောင်ပေါင်းများစွာပေးရန် ကုမ္ပဏီမှ တောင်းဆိုခဲ့ပါသည်။ ထိုအိမ်ယာတွင် နေထိုင်သူများက အိမ်ယာတည်ဆောက်သူတွင်သာ အပြစ်ရှိကြောင်း ပြောဆိုကြပါသည်။ အိုးအိမ်တည်ဆောက်သူကလည်း ဒဏ်ငွေပေးလိုစိတ် မရှိပါ။

ထိုအိမ်ယာတွင်နေထိုင်သူများက ဥပဒေရေးရာ အထောက်အကူပြုအဖွဲ့တစ်ခုအား ၎င်းတို့အမှုအတွက် ချဉ်းကပ်ခဲ့ပါသည်။ လူထု စည်းဝေးပွဲများကျင်းပနိုင်ရေး၊ အစိုးရအဖွဲ့အစည်းများထံ စာများ ရေးသားနိုင်ရေးနှင့် ယင်းအကြောင်းအရာအား သတင်းစာတွင်ရေးသား ဖော်ပြနိုင်ရေးတို့အတွက် ဥပဒေရေးရာ အထောက်အကူပြုသူများက ထိုအိမ်ယာတွင် နေထိုင်သူများအား ကူညီခဲ့ပါသည်။ ဒေသခံ ပါလီမန်ကော်မရှင် အဖွဲ့ဝင်များထံသို့ လည်း ဥပဒေရေးရာအထောက်အကူပြုသူများက ချဉ်းကပ်ခဲ့ပြီး ယင်းအမှုအတွက် ကြားနာမှု (၂)ရပ် ပြုလုပ်ပေးရန် တောင်းဆိုခဲ့ရာ ကော်မရှင် အဖွဲ့ဝင်များက လက်ခံခဲ့ပါသည်။

[3] ဤအမှုအား Ward Berenschot နှင့် Taufik Rinaldi တို့၏ ခြောက်နိုင်ငံရှိ ဥပဒေအထောက်အကူပြု လေ့လာချက် "Paralegalism and Legal Aid in Indonesia: Enlarging the Shadow of the Law" မှ အင်ဒိုနီးရှားနိုင်ငံအခန်းအား ဆီလျော်အောင် ဖော်ပြထားပါသည်။

အမှုကြားနာချိန်များတွင် ကော်မရှင်မှ - လျှပ်စစ်ဓါတ်အားကုမ္ပဏီ၊ အိမ်ယာတည်ဆောက်သူနှင့် အိမ်ယာတွင် နေထိုင်သူ စသဖြင့် - သက်ဆိုင်သူအားလုံးအား အသီးသီး ရှင်းလင်း တင်ပြစေခဲ့ပါသည်။ အိမ်ယာတွင် နေထိုင်သူအများအပြားသည် အမှုကြားနာရာတွင် ပါဝင်တက်ရောက်ခဲ့ပြီး၊ ၎င်းတို့၏ အခက်အခဲများအား အများပြည်သူရှေ့မှောက်တွင် ပြောဆိုတင်ပြခွင့် ရရှိခဲ့ပါသည်။ ဒုတိယ အကြိမ် ကြားနာမှုပြုလုပ်ပြီးနောက် ကော်မရှင်မှ အိုးအိမ်တည်ဆောက်သူအား ဒဏ်ငွေပေးဆောင်စေသည့် လိုက်နာရန် မလိုသည့် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ လျှပ်စစ်ဓါတ်အားကုမ္ပဏီမှ ထိုနေရာတွင်နေထိုင်သူများအား ပိုက်ဆံပေးရန် ဆက်လက် ဖိအားပေးခဲ့သော်လည်း ဥပဒေ အထောက်အကူပြုများက ယင်းအမှုအား တရားရုံးတွင် တင်ပြမည်ဟု ခြိမ်းခြောက်ပြီးနောက် အိမ်ယာတည်ဆောက်သူ မှ ဒဏ်ငွေ ထက်ဝက် ပေးဆောင်ခဲ့ပြီး၊ PLN ကုမ္ပဏီမှလျှပ်စစ်ဓါတ်အား ပြန်လည်ချိတ်ဆက်ပေးခဲ့ပါသည်။

# လူထုအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူဆိုသည်မှာ အဘယ်နည်း



အင်တာနက် လိပ်စာ www.namati.org တွင် လူထုအခြေခံ ဥပဒေရေးရာ အထောက်အကူပြုသူများအကြောင်း ပိုမိုလေ့လာနိုင်ပြီး၊ ကမ္ဘာ့ဥပဒေရေးရာ စွမ်းဆောင်ရည်မြှင့်တင်မှု ကွန်ယက်တွင် ပါဝင်ချိတ်ဆက် နိုင်ရန်အတွက် အင်တာနက် လိပ်စာ www.namati.org/join သို့ ဝင်ရောက် ဆောင်ရွက်နိုင်ပါသည်။